# မြန်မာနိုင်ငံ၏ အနာဂတ် ဒေါ်အောင်ဆန်းစုကြည်နှင့် မပတ်သက်နိုင်

[ ဇူလိုင် ၁၆ ရက်က မေရိကန်ပြည်ထောင်စု၌ ထုတ်ဝေသည့် **The Huffington Post** သတင်းစာတွင်ဖော်ပြပါရှိသော သတင်းထောက် **Virginia M.Moncrieff** ရေးသားသည့် **The Future of Burma Cannot Be Tied to Aung San Suu Kyi** ခေါင်းစဉ်ပါဆောင်းပါးကို ဘာသာပြန်ဆို ဖော်ပြလိုက်ပါသည်။]

**The Future of Burma Cannot Be Tied to Aung San Suu Kyi**

**The Huffington Post**

July 16, 2009

**Virginia M. Moncrieff** (International Correspondent)

That old chestnut question "name six people you would love to have to dinner" usually holds on surprises. The guest list from many liberal forward-thinking (and may I also point out - - male ) types will include Aung San Suu Kyi. She is regarded as the epitome of elegance and sacrifice. The pinup girl for human rights causes. - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - -

ဒေါ်အောင်ဆန်းစုကြည်ကို ရည်မွန်မှုနှင့် စွန့်လွှတ်အနစ်နာခံမှုတို့၏ စံပြအဖြစ် သာမန်အားဖြင့် ရှုမြင်ကြသည်။ သူ့ကို လူ့အခွင့်အရေး အတွက် ရုပ်ပုံလွှာအဖြစ်လည်း ထင်မြင်ကြသည်။ ယခုလို ထင်မြင်ယူဆမှုများကြောင့် မြန်မာနိုင်ငံနှင့်ပတ်သက်၍ ထိမိသော ဆွေးနွေးမှုတစ်စုံတစ်ရာ ပြုလုပ်ရန်အတွက် မျှော်လင့်ချက်ကင်းမဲ့စေခဲ့သည်။ ထို့ပြင် ဒေါ်အောင်ဆန်းစုကြည်အား ဝေဖန်ပြောဆိုရန်မှာလည်း ယခုအချိန်တွင် ခက်ခဲလျက်ရှိ ပါသည်။ ယခုကဲ့သို့ သူ့ကို ကိုယ်ကျိုးစွန့် အနစ်နာခံသူအဖြစ် မြင်နေကြခြင်းကြောင့် သူသည် လူသိရှင်ကြားဝေဖန်မှုမှ ကင်းလွတ်ခွင့် ရရှိနေပါသည်။ ယင်းသည် သူ့အားကျဆုံးစေမည့် အချက်ပင်ဖြစ်သည်။ သူ့အနေဖြင့် မည်မျှလောက်ကြီးမားသည့် စွန့်လွှတ်စွန့်စားမှုများကို ပြုလုပ်ခဲ့သည်ဆိုစေကာမူ နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်သည် လူတစ်ဦးတစ်ယောက်၏ ဆောင်ရွက်ချက်နှင့် အတွေးအခေါ်ပေါ်တွင်သာ မှီတည်၍ မနေနိုင်ပါ။ တကယ်တော့ သူသည် ဥပဒေကို ချိုးဖောက်ခဲ့ခြင်းသာ ဖြစ်ပါသည်။ တစ်ဖက်တွင် နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် သူ၏စကားကို နားယောင်၍ သူ၏ လိုအင်များအတိုင်း ပိတ်ဆို့မှုများကို ချမှတ်လျက်ရှိပါသည်။ တစ်ဖက်တွင်လည်း ၄၈ သန်းသော မြန်မာပြည်သူတို့မှာ ယင်းပိတ်ဆို့မှုများ၏ ဒဏ်ကို ဆက်လက်မခံစားလိုကြတော့ပါ။

အမှန်တကယ်တော့ ဒေါ်အောင်ဆန်းစုကြည်၏ နည်းဗျူဟာသည် အခြေခံမှစ၍ အပြစ်အနာဆာများဖြင့် မှားယွင်းနေသည်။ မြန်မာအစိုးရကို အထီးကျန်ဖြစ်အောင်ထားရမည်။ မြန်မာနိုင်ငံကိုလည်း တင်းကျပ်သည့် ပိတ်ဆို့အရေးယူမှုများ လုပ်ရမည် ဟူသော နည်းဗျူဟာကို ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် တရားသေဆုပ်ကိုင်ထားသည်။ ယင်းသို့ ဆုပ်ကိုင်ထားခြင်းကြောင့် သူသည် တပ်မတော်အစိုးရနှင့် ပိုမိုဝေးကွာ သွား၍ သူအကူအညီပေးရန် ရည်ရွယ်ထားပါသည်ဆိုသော ပြည်သူများကိုလည်း အပြစ်ပေးနေသည့်သဖွယ် ဖြစ်နေပါသည်။ ပြည်တွင်းပြည်ပမှ ဒီမိုကရေစီ လှုပ်ရှားသူများကလည်း သူ၏ ပိတ်ဆို့မှုလမ်းစဉ်မှာ

မှားယွင်းနေကြောင်း သိလာကြသည်။ သို့ရာတွင် ယင်းသို့ မှားယွင်းနေကြောင်း လူသိရှင်ကြား ဝေဖန်ရန်ကိုမူ ဝန်လေးနေကြသည်။ ဒေါ်အောင်ဆန်းစုကြည်၏ ရပ်တည်ချက်မှာလည်း မြန်မာ နိုင်ငံအရေးတွင် သူ၏နေရာကို ရယူနိုင်သူမရှိဟူ၍ ဖြစ်သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်များ ကိုသာ ၎င်းတို့၏ တိုက်ပွဲခေါ်သံအဖြစ် ဆက်လက်ဆုပ်ကိုင်ထားသည်။ တကယ်တော့ ထိုကာလများမှာ ကျော်လွန်ခဲ့ပြီ ဖြစ်ပါသည်။ ယခုလို အနှစ် ၂၀ကျော်ခဲ့ပြီးအချိန်တွင် ဆွေးနွေးပွဲစားပွဲဆီသို့ ဦးတည်ခြင်းသည်သာ အသင့်လျော်ဆုံးဖြစ်ပါသည်။ တပ်မတော်အစိုးရ၏ ကမ်းလှမ်းမှုမှန်သမျှကို ငြင်းဆိုနေခြင်းမှာ အများပြက်ရယ်ပြုစရာဖြစ်လာခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည် အနေဖြင့် တပ်မတော်အစိုးရ၏ အရပ်သားလွှတ်တော်ခေါ်ယူရေး ကိစ္စကို လုံးဝငြင်းဆိုလျက်ရှိပါသည်။ ယင်းသို့ငြင်းဆိုနေမည်ဆိုလျှင် မြန်မာ့အရေးသည် မည်သို့မျှ မတိုးတက်နိုင်ပါ။

သူရင်ဆိုင်နေရသည့် အမှု ပြီးဆုံးချိန်တွင် ဒေါ်အောင်ဆန်းစုကြည်၌ အပြစ်မရှိကြောင်း တရားရုံးက ဆုံးဖြတ်လိမ့်မည်ဟု မျှော်လင့်ထားသူ ဦးရေမှာ နည်းလှသည်။ မည်သို့ပင်ဖြစ်စေ ၄၈ သန်းသော မြန်မာပြည်သူတို့၏ အကျိုးစီးပွားအတွက် စတင်ဆောင်ရွက်သင့်ပြီဖြစ်ပါသည်။ ။